# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
**Myanma Alinn Daily**

အတွဲ (၅၂)
အမှတ် (၂၃၇)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်၊ ကြာသပတေးနေ့။


**ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာကိုပယ်ဖျက်**

သတင်း စာမျက်နှာ ➢ ၃

**ထစ်ချုန်းမိုး** ၂၀-၅-၂၀၂၂

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ကမ္ဘာ့ဘဏ်၊ အရှေ့တောင်အာရှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုယူနစ်ကဏ္ဍခွဲ မန်နေဂျာ မစ္စ ဂျူလီယာဖရေဆာအား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားရေးဆွေးနွေး

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ကမ္ဘာ့ဘဏ်၊ အရှေ့တောင်အာရှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုယူနစ် ကဏ္ဍခွဲမန်နေဂျာ မစ္စ ဂျူလီယာဖရေဆာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ဦးအုန်းသန်း၊ ဦးမောင်မောင်သိမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားရေးနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ယနေ့ မာတိကာ


လမ်းပန်းဆက်သွယ်မှု ချိတ်ဆက်သွားမည်
*ခေါင်းကြီး* *စာမျက်နှာ - ၂*

ကလေးအား စွန့်ပစ်ရန် ရည်ရွယ်မထားပါကြောင်း တရုတ်နိုင်ငံမှ ဖိုးကံကောင်းလေး၏ မိခင်ပြောကြား *စာမျက်နှာ - ၄*

ဆိုယုဇ်အာကာသယာဉ်လွှတ်တင် *စာမျက်နှာ - ၅*

သွေးလွန်တုပ်ကွေးရောဂါ ပူးပေါင်းလှုပ်ရှားမှုဖြင့် အနိုင်ယူပါ
*ဆောင်းပါး* *စာမျက်နှာ - ၆*

နောက်တန်းကစားသမား အက်ရှ်လေကိုးလ် အင်္ဂလန်အတွက် ပွဲ ၁၀၀ ပြည့်ကစား *စာမျက်နှာ - ၁၄*


# ကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးစေမည့်တရုတ် - မြန်မာစကြံလမ်းမ

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ

နေပြည်တော် မေ ၂၉

**စီးပွားရေးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးကောင်းမှ ရမည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းလျှင် ကုန်စည်စီးဆင်းမှု၊ ခရီးသွားလာဆက်ဆံမှုများ လျင်မြန်စွာ တိုးတက်လာမည်ဖြစ်သည်။ ယနေ့ ကမ္ဘာ့နိုင်ငံများသည် အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများအား အချိန်မရွေးချိတ်ဆက်သွားလာနိုင်သော လမ်းကွန်ရက်များ ဖောက်လုပ်လျက်ရှိသလို မြန်မာနိုင်ငံသည်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ရာသီမရွေးသွားလာနိုင်မည့် ကားလမ်းများဖောက်လုပ်လျက်ရှိနေပြီဖြစ်သည်။ ယခုအခါ တရုတ်နိုင်ငံ ရွှေလီမြို့မှ မြန်မာနိုင်ငံ ကျောက်ဖြူမြို့အထိ မောင်းနှင်သွားလာနိုင်မည့် တရုတ်- မြန်မာစကြံလမ်းမကြီးကို ဖောက်လုပ်ရန် လျာထားစီစဉ်နေပြီဖြစ်သည်။**

ရွှေလီ-ကျောက်ဖြူလမ်း ဖောက်လုပ်ရေးအတွက် ဖြစ်နိုင်ခြေစွမ်းလေ့လာတိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ ယင်းလမ်းတည်ဆောက်ရေးအတွက် တရုတ်နိုင်ငံမှ ငွေကြေးကူညီထောက်ပံ့မှုများ ပြုလုပ်မည်ဖြစ်ရာ နှစ်နိုင်ငံပူးပေါင်းညှိနှိုင်းမှုများဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် လုပ်ကိုင်သွားမည်ဖြစ်သည်။

ရွှေလီ-ကျောက်ဖြူလမ်းသည် တရုတ်-မြန်မာစကြံလမ်းမကြီးလည်းဖြစ်ရာ မြန်မာနိုင်ငံအတွင်း၌ မူဆယ်မြို့မှ ကျောက်ဖြူမြို့အထိရှည်သော လမ်းလည်းဖြစ်သည်။ ယင်းလမ်း တည်ဆောက်ဖောက်လုပ်ရန် မြန်မာ-တရုတ် နှစ်နိုင်ငံ တာဝန်ရှိသူများက အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး တရုတ်နိုင်ငံဘက်မှ အဆိုပြုလမ်းအူကြောင်းနှင့် မြန်မာနိုင်ငံဘက်မှ အဆိုပြုလမ်းအူကြောင်းများကိုလည်း တင်ပြညှိနှိုင်းလျက်ရှိသည်။



နမ့်ခမ်း-မူဆယ်လမ်း တစ်နေရာကို ဤသို့ တွေ့ရသည်။

ထို့အတူ နှစ်နိုင်ငံစလုံးမှ တာဝန်ရှိသူများ ညှိနှိုင်းသဘောတူညီမှုရရှိထားသည့် လမ်းအူကြောင်းအပိုင်းများလည်း ရှိနေပြီဖြစ်သည်။ ယင်းလမ်းအူကြောင်းအပိုင်းမှာ သီပေါမြို့အလွန် ပန်လုံမှ မူဆယ်မြို့မရောက်မီ နမ့်ခမ်းအထိဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၄* ▲




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လမ်းပန်းဆက်သွယ်မှု ချိတ်ဆက်သွားမည်

လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့ခြင်းသည် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရန်အတွက် အခြေခံအုတ်မြစ် ဖြစ်ပေသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်နှင့်အမျှ ဒေသခံ ပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ သည်လည်း တိုးတက်မြင့်မားလာခဲ့ရသည်။ လမ်းဖောက်၍ လမ်းပေါက်ခြင်းသည် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးတိုးတက်လာခဲ့ရပြီး ပိုမိုရင်းနှီးချစ်ခင်လာကြ၍ မိသားစုအသွင်ဆောင်လာကြသည်။

နိုင်ငံအတွင်း တောင်တန်းတောင်စွယ်များ၊ မြစ်ကြီးများကာဆီးနေသော်လည်း ယနေ့အချိန်တွင် တောင်တွေ့လျှင်လမ်းဖောက်၊ မြစ်တွေ့လျှင် တံတားဆောက်ဆိုသည့်စကားအရ မီးရထားလမ်းများ၊ ကားလမ်းများ၊ တံတားကြီးများ အမြောက်အမြား ဖြစ်ထွန်းနေပြီဖြစ်၍ နယ်ခြားမြို့များအထိ ခရီးလမ်းများ သာယာချောမွေ့နေပြီ ဖြစ်သည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အာရှနှင့် အာဆီယံဒေသတွင် အချက်အချာကျသည့် နေရာတွင်ရှိပြီး အိမ်နီးချင်းနိုင်ငံများ အပါအဝင် အာရှနိုင်ငံများနှင့် ဆက်စပ်သွားလာရာတွင်လည်း ကုန်းလမ်း၊ ရေလမ်းတို့ကို အသုံးပြုသွားလာနိုင်သည်။

မြန်မာနိုင်ငံသည် မဲခေါင်ဒေသ ခြောက်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ မြန်မာ၊ ဗီယက်နမ်နှင့် တရုတ်(ယူနန်ပြည်နယ်)တို့တွင် ပါဝင်သောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မဲခေါင်ဒေသခြောက်နိုင်ငံ သွားနိုင်သည့် မဟာမဲခေါင်ဒေသလမ်းမကြီးများကို ကွန်ရက်သဖွယ် ဖောက်လုပ်ထားရာ မြန်မာနိုင်ငံအတွင်း ဖောက်လုပ်ထားသော အာဆီယံလမ်းမများ၊ အာရှလမ်းမများသည်လည်း ယင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်စပ်သွားလာနိုင်သော လမ်းများ ဖြစ်သည်။ ထိုသို့ မဟာမဲခေါင်ဒေသလမ်းများကို မြန်မာနိုင်ငံအတွင်း ဖြတ်သန်းဖောက်လုပ်ထားမှုကြောင့် ဒေသတွင်းနိုင်ငံများ၊ ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်မှုများ ပြုနိုင်ပေသည်။ မဟာမဲခေါင်ဒေသအတွင်း၌ စီးပွားရေးစင်္ကြံလမ်းကြောင်း ကိုးခုရှိရာ မြန်မာနိုင်ငံနှင့်ဆက်စပ်သော စင်္ကြံလမ်းငါးခုရှိသဖြင့် အားလုံးပြီးစီးပါက မကြာသောကာလတွင် ဒေသတွင်းနိုင်ငံများနှင့်အပြိုင် စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်တွင်း၌ အရှေ့အနောက်၊ တောင်မြောက်ချိတ်ဆက်သွားနိုင်သည်သာမက အာဆီယံလမ်းမများ၊ အာရှလမ်းမများနှင့် မဲခေါင်ဒေသလမ်းများသည်လည်း မြန်မာနိုင်ငံအတွင်း ဖောက်လုပ်ထားမှုကြောင့် စီးပွားရေးအားဖြင့် ကုန်သွယ်မှုလုပ်ငန်းများတိုးမြှင့် လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများလည်း ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချိတ်ဆက်သွားလာနိုင်မည်ဖြစ်၍ ချစ်ကြည်ရင်းနှီးမှုများလည်း တိုးတက်ခိုင်မာလာမည် ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှုများ လွယ်ကူလာသည်နှင့်အညီ လမ်း၊ တံတားအသုံးပြုသူများကလည်း ရေရှည်အသုံးပြုနိုင်ရေးအတွက် သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သည်။ တည်ဆောက်ထားသည့် လမ်း၊ တံတားတို့ကို အသုံးပြု၍ မိမိ၏ အကျိုးစီးပွား၊ အများ၏အကျိုးစီးပွား၊ ရပ်ရွာအကျိုးစီးပွားများကို ဆောင်ရွက်လျက်ရှိကြရာ ပစ္စုပ္ပန်အတွက်သာမက နောင်လာနောက်သားများ ဆက်လက်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းသွားကြရမည် ဖြစ်ပါကြောင်း။ ။

# ဆေးဝါးအသုံးပြုမှုဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် မေ ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် Training on Promoting Rational Use of Medicines for Health Care Providers in Health Allied Ministries သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၈ရက် နံနက် ၉ နာရီက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသန်းဝင်းက အမှာစကားပြောကြားသည်။

ယင်းသင်တန်းကို နှစ်ရက်ကြာ ပို့ချသွားမည်ဖြစ်ပြီး ဆေးဝါးများညွှန်ရာတွင် ရောဂါအလိုက် လိုအပ်မည့်ဆေးဝါးများကို ညွှန်းနိုင်ရန် Updated Treatment Guidelines များကို သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာရှင်များက ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း

# အခြေခံပညာမူလတန်းကျောင်းဆောင်သစ်နှစ်ဆောင် ပညာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကညင်ချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်း၌ ကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီး၊ ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ကျောင်း အကျိုးတော်ဆောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဧည့်သည်များက ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကလေးများ၏ဉာဏ်ရည် အထွေထွေနှင့် ၎င်းတို့၏ စရိုက်လက္ခဏာများကိုသိခြင်းဖြင့် ကျောင်းသားများအား ပိုမိုနားလည်နိုင်မည် ဖြစ်ကြောင်း၊ ထို့အပြင် မိဘများအနေဖြင့်လည်း ပြုပြင်ပြောင်းလဲရေးများကို လုပ်ဆောင်ရန်လိုကြောင်း၊ ဆရာ ဆရာမများကလည်း အရေအတွက်ဟု သဘောမထားဘဲ တကယ်အရည်အသွေး ရှိစေရန် သင်ကြားပေးမှသာ တိုင်းပြည်အတွက် အားကိုးအားထားရမည့် အနာဂတ်မျိုးဆက်သစ်လူငယ်များ၊ တန်ဖိုးရှိသော လူငယ်ကြယ်ပွင့်များ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် ကျောင်းငွေပဒေသာပင်အဖြစ် သာသနာရေးဝန်ကြီးဌာနက ငွေကျပ်တစ်သိန်းနှင့် ဖြိုးစည်သူ ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်နှစ်သိန်းတို့ကို လှူဒါန်းကြပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျုံပဒုတ်အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားကာ ပညာရေးပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် ငါးသိုင်းချောင်းမြို့နယ် တောင်ဝေ့ထောက်ကျေးရွာ သီရိမင်္ဂလာအထက်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမနအား ဖူးမြော်ကြည်ညိုပြီး ရေကြည်မြို့ ဆရာစံတိုးချဲ့ရပ်ကွက် (၃)လမ်း အများပြည်သူသုံး တုံကင်ရေတွင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေစက်တော်သွားကားလမ်းက အဖျက်ဆီးခံ မိုင်တိုင်ကလေးများ

**ထင်သာမြင်သာ ပြုပြင်စရာ**

တစ်နေ့က သတင်းကိစ္စတစ်ခုဖြင့် မကွေးမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာသို့ သွားရောက်ခဲ့သည်။ မကွေး-ရွှေစက်တော် ကားလမ်းလေးသည် ယခင်ကနှင့် များစွာကွာခြားသွားခဲ့လေပြီ။ ယခင်က ဖုန်ထူ၊ ချိုင့်ပေါ်၊ မညီညာ၊ မဖြောင့်ဖြူးခဲ့။ ယခုအခါ အဝေးပြေးကတ္တရာလမ်းပြီးစီးသွားပြီဖြစ်၍ ရောင်းဝယ်ဖောက်ကားသော ပြည်သူများလည်း သွားလမ်းသာ၍ လာလမ်း ဖြောင့်လျက်ရှိပေပြီ။ စာရေးသူသည် လေးပင်ကျေးရွာလမ်းခွဲ၊ ရွှေစက်တော်သွားရာ ငါးမိုင်လမ်း၌ ကုန်ကားတစ်စီးကို ရှောင်တိမ်းရင်း မထင်မှတ်ထားသောမြင်ကွင်းကြောင့် ဆိုင်ကယ်ကိုရပ်၍ သတင်းသမားပီပီ စူးစမ်းလေ့လာမိသည်။ မြင်ကွင်းကား ဘယ်လိုမှ စိတ်ချမ်းသာစရာမရှိ။ နိုင်ငံတော်အစိုးရက ခရီးသွားပြည်သူများ သွားလာရေးလွယ်ကူစေရန် ကတ္တရာလမ်းများခင်း၍ မိုင်တိုင်ကလေးများစိုက်ထူပေးထားသော်လည်း မသမာသူများကြောင့် မိုင်တိုင်တချို့မှာ ချိုးဖွဲ့ဖျက်ဆီးခြင်းခံထားရသည်ကို တွေ့ရသည်။ **(ယာပုံ)** မည်သို့သောပုဂ္ဂိုလ်မျိုးက မည်သို့သော ရည်ရွယ်ချက်ဖြင့် ဖျက်ဆီးကြသည်ကို စာရေးသူ နားမလည်။ မိုင်တိုင်လေးများ ပျက်စီးနေသည့်အတွက် ခရီးသွားယာဉ်မောင်းများ ခရီးစဉ်အကွာအဝေး တွက်ချက်မောင်းနှင်ရာ၌ များစွာ အနှောင့်အယှက်ဖြစ်ရသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကြောင့်အိမ်သာ၍ဧည့်လာမည့် ကမ္ဘာလှည့် ခရီးသွားများ ဤမြင်ကွင်းကို မြင်တွေ့ပါက မြန်မာကို ကမ္ဘာက အထင်သေးတော့မည်။ သက်ဆိုင်ရာမှ မိုင်တိုင်ကလေးများတည်ဆောက်ထားပုံမှာလည်း အတွင်းပိုင်း၌ သံချောင်းများအစား ပျက်စီးလွယ်သော ဝါးချောင်းငယ်ကလေးများဖြင့် ညံ့ဖျင်းစွာ တည်ဆောက်ထားမှုကြောင့် မပျက်စီးသေးသော မိုင်တိုင်များတွင် အက်ကြောင်း ကလေးများပေါ်လွင်လျက် ရှိနေပေသည်။ လမ်းတစ်လမ်း၏ အသက်ဖြစ်သော မိုင်တိုင်အမှတ်၊ လမ်းညွှန်ဆိုင်းဘုတ်၊ ယာဉ်စည်းကမ်းသတိပေး တားမြစ်ချက် ဆိုင်းဘုတ်များကိုသက်ဆိုင်ရာ တာဝန်ရှိသူများက ဂရုတစိုက် ထိန်းသိမ်းပြုပြင်သင့်ကြောင်းနှင့် နိုင်ငံတော်၏ စေတနာကိုအလေးမထားသည့် မသမာသူ အဖျက်သမားများကိုလည်း စုံစမ်းဖော်ထုတ် အရေးယူသင့်ပါကြောင်း ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ အပြုသဘောဖြင့် တင်ပြလိုက်ရပါသည်။ **ပိုင်ဇေ(မကွေး)**






# ချောင်းဦးမြို့နယ်တွင် အင်္ဂါလူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်လှူဒါန်း

**မုံရွာ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာ အင်္ဂါလူမှုကူညီရေးအသင်းဖွဲ့စည်းခြင်းနှင့် အသင်းသို့ မော်တော်ယာဉ်လှူဒါန်းပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ပြီး အခမ်းအနားကို ဖွင့်လှစ်ရာ ချောင်းဦးမြို့ ရွှေတောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနသာမိအရှင်သူမြတ်က ဩဝါဒကထာချီးမြှင့်တော်မူပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး အင်္ဂါလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အသင်းဖြစ်ပေါ်လာပုံနှင့် အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ မန္တလေးအသင်းဝင် ဦးသိန်းဦးက မန္တလေးအင်္ဂါလူမှုကူညီရေးအသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ရပ်မိရပ်ဖ ဦးသိန်းထွန်းက ကျေးရွာနေပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အင်္ဂါလူမှုကူညီရေးအသင်းနာယက ချောင်းဦးမြို့ ရွှေတောင်ကျောင်းတိုက် ဆရာတော်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**






# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် မေ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့ တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား မေ ၂၈ ရက် ညပိုင်းတွင် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် General Tanasak Pati-mapragorn နှင့် ဇနီးတို့က ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ထိုင်းဘုရင့် တပ်မတော်(ရေ)မှ တေးဂီတအဖွဲ့နှင့် ထိုင်းရိုးရာယဉ်ကျေးမှုအကအဖွဲ့များ က တေးသီချင်းများ၊ ရိုးရာအကများ ဖြင့် ကပြဖျော်ဖြေကြသည်။

ညစာ သုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကပြဖျော်ဖြေကြသော ထိုင်းရိုးရာယဉ်ကျေးမှု အကအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ဆုငွေများပေးအပ်ချီးမြှင့်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ)(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

လူကူးသစ်သား ကြိုးတံတား ပျက်စီးမှုနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတား အထူးအဖွဲ့ (၁)မှ ဒုတိယအင်ဂျင်နီယာမှူး ဦးဝင်းဇော်က "ဖြစ်ဖြစ်ချင်း ကျွန်တော်တို့ ရောက်လာပါတယ်၊ ခရီးသည်များကိုလည်း တံတားပေါ်မှ ဖြတ်သန်းခွင့် ခေတ္တရပ်ဆိုင်းထားခဲ့ပြီး မနက်ဖြန် ပုံမှန်အတိုင်း သွားလို့ရအောင် ပျက်စီးသွားတဲ့အပိုင်းကို အချိန်မီ ပြီးစီးအောင် အမြန်ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

အဆိုပါ လူကူးကြိုးတံတားကြီးမှာ လွန်ခဲ့သော ၂၃ နှစ်ဝန်းကျင်က တည်ဆောက်ခဲ့ပြီး အလျားပေ ၅၀၀ ခန့်၊ အကျယ် ခြောက်ပေရှိကာ နေ့စဉ် ခရီးသည်များ သွားလာလျက်ရှိပြီး ယခုအခါ တံတားကြီးမှာ နှစ်ကြာလာသည်နှင့် ခံနိုင်ဝန်နည်းပါးပြီး တံတားပေါ်မှ သွားလာသည့် ခရီးသည်အရေအတွက် များပြားလာသဖြင့် သက်ဆိုင်ရာမှ တံတားသစ်တစ်စင်း တည်ဆောက် ပေးစေလိုကြောင်း မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူတစ်ဦးက သူ၏အမြင်ကို ပြောကြားသည်။ **နေလင်း(သတင်းစဉ်)**



# ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ဖွဲ့စည်းသည့်အမိန့်ကြော်ငြာစာကို ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၅၀/၂၀၁၃**
**၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်**
**(၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက်)**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority) ဖွဲ့စည်းသည့် အမိန့် ကြော်ငြာစာအမှတ်(၄၇/၂၀၁၃)ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

✻ *ကျောဖုံးမှ*

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဗိုလ်မှူးချုပ် အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက်ရှိ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်(KBC)အထွေထွေ အတွင်းရေးမှူး သိက္ခာတော်ရဆရာ ဦးခလမ်ဆမ်ဆွမ်နှင့် သင်းအုပ်ဆရာများအားသွားရောက်တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တိုင်းပြည်တည်ငြိမ်အေးချမ်းမှ တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်မည် ဖြစ်၍ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုအေးချမ်းသာယာစွာနေထိုင်၊ လုပ်ကိုင်၊ သွားလာနိုင်ရေးနှင့် ပြည်သူလူထုအားလုံးက ပြင်းပြစွာ လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်၍ ငြိမ်းချမ်းရေးရရှိမည်ဟုလည်း ယုံကြည်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးက ငြိမ်းချမ်းမှုမရှိလျှင် ပြည်သူလူထုပင် ထိခိုက်နစ်နာဆုံးရှုံးရသဖြင့် ဒေသတည်ငြိမ်အေးချမ်းရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးတွင် ပြည်သူအားလုံးက ယုံကြည်မှုရှိရှိ၊ နားလည်မှုရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူအားလုံး လိုလားတောင့်တနေသည့် စစ်မှန်သည့် ငြိမ်းချမ်းရေးကို အောင်မြင်စွာ ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC) အထွေထွေ အတွင်းရေးမှူးနှင့် သင်းအုပ်ဆရာများ က ကချင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ရပ်ရွာကို စွန့်ခွာသွားသည့် မိသားစုများ ကယ်ဆယ်ရေး၊ ရပ်ရွာသို့ ပြန်လည်ပို့ဆောင်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာများ၊ ပြည်သူလူထု၏ဆန္ဒနှင့် သဘောထားများကို အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြည်သူအားလုံး အတွက် တစ်ရက် ငြိမ်းချမ်းလျှင် တစ်ရက်တန်ဖိုးရှိသောကြောင့် ပြည်သူအားလုံး၏ဆန္ဒ၊ သဘောထားများနှင့် အညီ ယာယီငြိမ်းချမ်းရေးမှ ထာဝရ ငြိမ်းချမ်းရေးရရှိသည်အထိ ကြိုးစား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# ပိန္နဲတောင်ရပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ လွှင့်စက်ချွတ်ယွင်းမှုအခြေအနေတင်ပြခြင်း

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ 3KW လွှင့်အားဖြင့် ထုတ်လွှင့်ပေးနေသော ပိန္နဲတောင်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသည် မေ ၂၅ ရက် ညနေပိုင်းအစီအစဉ် ထုတ်လွှင့်ချိန်မှစ၍ လွှင့်စက်ချွတ်ယွင်းမှုကြောင့် လွှင့်အားအပြည့်မထွက်ရှိတော့ပါကြောင်းနှင့် ယခုအခါလွှင့်အား 550W ဖြင့်သာ ထုတ်လွှင့်လျက်ရှိပါသည်။

ယင်းသို့ လွှင့်အားလျော့နည်းလွှင့်ထားသည့် ကာလအတွင်း ယခင်က ဖမ်းယူရရှိနေသော စက်ရုံနှင့် ဝေးကွာသည့်နေရာများမှ ရုပ်/သံ ကြည်လင်ပြတ်သားမှုရှိတော့မည် မဟုတ်ပါကြောင်းနှင့် လွှင့်အားအပြည့် ပြန်လည်ထုတ်လွှင့်နိုင်ရေးအတွက် လွှင့်စက်ကိုအမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း မိဘပြည်သူများအား အသိပေးတင်ပြအပ်ပါသည်။ **(ရုပ်/သံ)**

# ငွေလှရတနာအဘိဓမ္မာ ရက်တိုသင်တန်းဖွင့်

**နေပြည်တော် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ငွေလှရတနာအဘိဓမ္မာ ရက်တိုသင်တန်းကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ ချမ်းအေးသာစံမြို့နယ် အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေက အဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** သင်တန်းမှူး သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦးက သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းသို့ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင် ၃၅၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **ကိုသက်ထွေး**









နိုင်ငံတကာသတင်း



# တရုတ်သမ္မတနှင့် ဖီဂျီဝန်ကြီးချုပ်တွေ့ဆုံ

**ပေကျင်း မေ ၂၉**

တရုတ်နိုင်ငံသည် ဖီဂျီနှင့်အခြားပစိဖိတ်ကျွန်းနိုင်ငံများနှင့် ဆက်သွယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများတွင် ဖြည့်ဆည်းပေးရန် အဆင်သင့်ရှိကြောင်း ဖီဂျီဝန်ကြီးချုပ်အား တရုတ်သမ္မတ ရှီကျင့်ဖျင်က မေ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

သမ္မတ ရှီကျင့်ဖျင်သည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဖီဂျီဝန်ကြီးချုပ် ဘင်နီမာရာမာနှင့် မြို့တော်ပေကျင်းရှိ ပြည်သူ့ခန်းမဆောင်၌ တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံအားလုံးသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ တူညီသောအဖွဲ့ဝင်များဖြစ်ကြပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ တန်းတူရည်တူထားပြီး လေးလေးစားစားဆက်ဆံသွားသင့်သည်ဟု ယုံကြည်ကြောင်း သမ္မတ ရှီက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ၎င်း၏မိတ်ဖက်ဖြစ်သည့် ဖီဂျီနိုင်ငံကို အလေးထားကြောင်း၊ ၎င်း၏ပြည်သူများ ရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို လေးစားကာ ၎င်း၏စွမ်းဆောင်မှုအတွင်း ဖီဂျီနိုင်ငံသို့ အကူအညီများ ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း ရှီက ထပ်လောင်းပြောကြားခဲ့သည်။

နှစ်နိုင်ငံစလုံးအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းနှင့်ခရီးသွားလုပ်ငန်းများတွင် နက်နက်ရှိုင်းရှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှီက ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ပါပူအာနယူးဂီနီ

# ဗင်နီဇွဲလားတွင် အမေရိကန်သံရုံးအရာရှိနှစ်ဦး ပစ်ခတ်ခံရ

**ကရာကတ်စ် မေ ၂၉**

ဗင်နီဇွဲလားနိုင်ငံရှိ အမေရိကန်သံရုံးမှ အရာရှိနှစ်ဦး ကရာကတ်စ်မြို့ရှိ နိုက်ကလပ်တစ်ခုတွင် ပစ်ခတ်မှုခံခဲ့ရကြောင်း သို့သော်လည်း ၎င်းတို့၏ဒဏ်ရာများမှာ အသက်အန္တရာယ်စိုးရိမ်ရခြင်းမရှိကြောင်း မေ ၂၉ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်သည် မေ ၂၈ ရက်က ဖြစ်ပွားခဲ့ကြောင်း၊ အရာရှိတစ်ဦးမှာ ခြေထောက်နှင့်ဝမ်းဗိုက်တို့တွင် ပစ်ခတ်ခံရပြီး အခြားတစ်ဦးမှာ ဝမ်းဗိုက်ကို ပစ်ခတ်ခံခဲ့ရကြောင်း ဗင်နီဇွဲလားရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒေါ်လက်စ်ရီကိုက ပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်သည် နိုက်ကလပ်တစ်ခုတွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုတစ်ခုဖြစ်ပြီး ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်သံရုံးမှ အရာရှိနှစ်ဦး သေနတ်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း ရီကိုက ထုတ်ဖော်ပြောကြားခဲ့သည်။

ဗင်နီဇွဲလားမီဒီယာများ၏ ပြောကြားချက်အရ ပစ်ခတ်ခံရသူများမှာ ရောဘတ်တိုအဇီဂွယ်ရီဆက်စ်နှင့် ပေါလ်မာဝင်းတို့ဖြစ်ပြီး ၎င်းတို့သည် ယင်းသံရုံး၌ စစ်ဘက်ဆိုင်ရာတွဲဖက်တာဝန်ရှိသူများဖြစ်သည်ဟု ဆိုသော်လည်း သံရုံးကမူ ၎င်းတို့၏ လုပ်ငန်းတာဝန်ကို ထုတ်ဖော်ပြောကြားခြင်း မရှိဟုဆိုသည်။ **(ပရက်စ်တီဗွီ)**

# လက်တင်အမေရိက၌ ဘရာဇီးတက္ကသိုလ်များ ထိပ်တန်းအဆင့်ရှိနေ

**ရီယိုဒီဂျနေးရိုး မေ ၂၉**

ဘရာဇီးနိုင်ငံမှ တက္ကသိုလ်လေးခုသည် တောင်အမေရိက၌ ထိပ်တန်းတက္ကသိုလ် ၁၀ ခုတွင် ပါဝင်လျက်ရှိကြောင်း ဒေသတွင်း အဆင့်မြင့်ပညာရေးထိန်းသိမ်းလမ်းညွှန်မှုဆိုင်ရာအဖွဲ့က မေ ၂၉ ရက်၌ သတင်းထုတ်ပြန်သည်။

**သတင်းထုတ်ပြန်**

ဘရာဇီးနိုင်ငံ၏ ဆော်ပေါလိုတက္ကသိုလ်သည် လက်တင်အမေရိက၌ အကောင်းဆုံးတက္ကသိုလ်အဖြစ် တတိယအကြိမ်မြောက်ဖော်ပြခြင်းခံခဲ့ရသည်ဟု ၂၀၁၃ ခုနှစ် တက္ကသိုလ်များအဆင့်အတန်းသတ်မှတ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ဘရာဇီးနိုင်ငံမှ အခြားသောတက္ကသိုလ်သုံးခုအနက် ကမ်ပီနက်ဇ်တက္ကသိုလ်က တတိယ၊ ရီယိုဒီဂျနေးရိုး ပြည်ထောင်စုတက္ကသိုလ်က အဋ္ဌမ၊ မီနက်ဇ်ဂီရေ့စ်တက္ကသိုလ်က ဒသမအဖြစ် အသီးသီးရွေးချယ်ဖော်ပြခဲ့ရသည်။ ၎င်းတက္ကသိုလ်လေးခုသည် နိုင်ငံတော်ပိုင်တက္ကသိုလ်များဖြစ်သည်။

အဆိုပါ တက္ကသိုလ်များသည် ဒေါက်တာဘွဲ့ရဆရာများနှင့် ပညာအရည်အချင်းပြည့်ဝသော ဝန်ထမ်းများပြည့်စုံမှု၊ ပညာသင်ကြားရေးအထောက်အကူပြုခေတ်မီပစ္စည်းများ ပြည့်စုံမှု၊ စည်းကမ်းစနစ်ရှိမှု၊ သုတေသနလုပ်ငန်းများကောင်းမွန်မှု၊ အိုင်တီနည်းပညာနှင့် ပစ္စည်းများသုံးစွဲနိုင်မှုတို့ကြောင့် ဖြစ်သည်။

လက်တင်အမေရိကတွင် တက္ကသိုလ်ပေါင်း ၃၀၀ ရှိရာ ဘရာဇီးတွင် တက္ကသိုလ် ၈၁ ခု၊ မက္ကဆီကိုတွင် တက္ကသိုလ် ၄၉ ခု၊ ကိုလံဘီယာတွင် တက္ကသိုလ် ၄၂ ခု၊ ချီလီနှင့်အာဂျင်တီးနားတွင် တက္ကသိုလ် ၃၀ စီနှင့် ပီရူးတွင် တက္ကသိုလ် ၁၇ ခု စသည်ဖြင့် ရှိကြသည်။ **(ဆင်ဟွာ)**

# ကလေးအားစွန့်ပစ်ရန် ရည်ရွယ်မထားပါကြောင်း တရုတ်နိုင်ငံမှ ဖိုးကံကောင်းလေး၏မိခင်ပြောကြား

**ပေကျင်း မေ ၂၉**

မိလ္လာပိုက်အတွင်းမှ တွေ့ရှိကယ်ဆယ်ခံထားရသော မွေးကင်းစကလေးငယ်၏ မိခင်ဖြစ်သူက သူမ၏လုပ်ရပ်အပေါ် အလွန်အမင်းစိတ်မကောင်းဖြစ်ကာ ဝမ်းနည်းရပါသည်ဟု ပြောကြားခဲ့ကြောင်း မေ ၂၉ ရက်က စီအင်န်အင်န်သတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။

"ကလေးရဲ့မိခင်ကို ရှာတွေ့ပါပြီ။ သူမကတော့ သူမရဲ့လုပ်ရပ်နဲ့ပတ်သက်ပြီး တော်တော်ဝမ်းနည်းမိပါတယ်လို့ပြောပါတယ်။ ဖြစ်စဉ်နဲ့ပတ်သက်ပြီး အသေးစိတ်ကိုတော့ စစ်ဆေးနေဆဲပါ" ဟု ကျန်ဟွာမြို့ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ကလေး၏မိခင်မှာမည်သူမည်ဝါဖြစ်သည်ကိုမူ ရဲတပ်ဖွဲ့ဝင်များက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ကလေးမိခင်၏ အဆိုအရသူမသည် ဗိုက်စတင်နာလာခဲ့ပြီးနောက် သန့်စင်ခန်းသို့ အပြေးအလွှားသွားရောက်ခဲ့ရကြောင်း၊ သန့်စင်ခန်းမှာပင် ကလေးမွေးဖွားခဲ့ရကြောင်း၊ သူမသည် သွေးသွန်နေသဖြင့် တစ်ခုခုအား ဆွဲကိုင်နိုင်ရန် ကြိုးစားခဲ့ရကြောင်း၊ သူမသည် ကလေးအား ဆက်လက်ဆုပ်ကိုင်ထားနိုင်စွမ်းမရှိတော့သဖြင့် ကလေးမှာ မိလ္လာတွင်းထဲသို့ လျှောကျသွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။



သူမအား စစ်ဆေးမှုများ ပြုလုပ်နေစဉ် သူမသည် ကလေးအားအိမ်သာအတွင်းပိုင်းထိ စွန့်ပစ်ရန်ရည်ရွယ်မထားပါဟုဆိုသည်။ ကလေးအား တုတ်တစ်ချောင်းဖြင့် ပြန်ဆယ်ယူရန် ကြိုးစားခဲ့သော်လည်း မတတ်နိုင်သဖြင့် ပေကျံနေသော အညစ်အကြေးများကြောင့် ရေဆွဲချခဲ့ခြင်းဖြစ်ပါသည်ဟု ပြောကြားခဲ့သည်။

**ခေါ်ယူခဲ့**

ကလေးမိခင်သည် မိလ္လာပိုက်ထဲမှ ကလေးငိုသံကဲ့သို့ ထူးဆန်းသောအသံတစ်ခုကြားရပါသည်ဟုဆိုကာ တိုက်ခန်းပိုင်ရှင်အား သွားရောက်ခေါ်ယူခဲ့သည်ဟု သိရသည်။ ယခုအခါကလေးငယ်မှာ ဆေးရုံ၌ကျန်းမာသောအခြေအနေတွင် ရှိနေသည်ဟုသိရသည်။ **(စီအင်န်အင်န်)**

# အမေရိကန်၌ ရထားလမ်းချော်ပေါက်ကွဲမှုဖြစ်ပွား

**ဝါရှင်တန် မေ ၂၉**

အမေရိကန်နိုင်ငံ မာရီလန်းပြည်နယ်၌ ဓာတုပစ္စည်းများတင်ဆောင်လာသောရထားတစ်စင်းသည် ကုန်တင်ယာဉ်တစ်စီးအား တိုက်မိခဲ့ရာမှ မိုင်ဝက်ခန့်အထိ လမ်းချော်သွားခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် မေ ၂၉ ရက်က ရေးသားထားသည်။

အဆိုပါ ပေါက်ကွဲမီးလောင်မှုသည် ဘယ်တီမိုးစီရင်စုအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားချိန်တွင် မီးလောင်နေသောအပျက်အစီးများမှ မီးတောက်များနှင့်မီးခိုးများ ထွက်လာပြီး မီးလောင်ကျွမ်းခဲ့သည်ဟု သိရသည်။

ရထားတိုက်ခံရသည့် ကုန်တင်ယာဉ်မှ ယာဉ်မောင်းမှာ စိုးရိမ်ရသောအခြေအနေဖြင့် ဆေးရုံသို့တင်ပို့ထားရသည်ဟု သိရသည်။

တာဝန်ရှိသူများ၏ အဆိုအရ ရထားပေါ်မှ ကုန်ပစ္စည်းများ မီးလောင်ကျွမ်းမှုကြောင့် ထွက်လာသောအခိုးအငွေ့များသည် အဆိပ်အတောက်မဖြစ်စေနိုင်ဟု သိရသည်။

ယခုအကြိမ် ရထားတိုက်မှုသည် အမေရိကန်နိုင်ငံ၌ နှစ်ပတ်အတွင်း တတိယအကြိမ်မြောက် ရထားတိုက်မှုဖြစ်သည်ဟု ဆိုသည်။ **(ဘီဘီစီ)**




# ရာဇဝတ်မှုတစ်ခုမှစတင်၍ လူစုလူဝေးဖြင့် မီးရှို့ဖျက်ဆီးမှုများ လားရှိုး၌ဖြစ်ပွား
# ဘာသာရေးပဋိပက္ခအသွင်ဖော်ဆောင်ခြင်းမပြုရန် တာဝန်ရှိသူများက မေတ္တာရပ်ခံထား

**နေပြည်တော် မေ ၂၉**

ရှမ်းပြည်နယ် လားရှိုးမြို့၌ ယမန်နေ့က ရာဇဝတ်မှုတစ်ခုမှ စတင်၍ လူစုလူဝေးဖြင့် မီးရှို့ဖျက်ဆီးမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီး ယခုအခါ အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် လုံခြုံရေးတာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လားရှိုးမြို့၌ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားကြောင်း သိရှိရသည်။

ယမန်နေ့ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် လားရှိုးမြို့ အမှတ်(၈)ရပ်ကွက် နယ်မြေ (၇) သိန်းနီလမ်းမကြီးဘေးရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံးအနီးတွင် လားရှိုးမြို့နေ မအေးအေးဝင်း (၂၄ နှစ်) (ဈေးရောင်း)အား ကျိုင်းတုံမြို့နေ နေဝင်း (၄၈ နှစ်) (ကျပန်း)က ဓာတ်ဆီလောင်းမီးရှို့ခဲ့သဖြင့် မအေးအေးဝင်း၏ ရင်ဘတ်၊ ကျောနှင့် ယာလက်တို့တွင် မီးလောင်ဒဏ်ရာများ ရရှိသွားခဲ့ကြောင်းနှင့် လူနာအား လားရှိုးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

တရားခံ နေဝင်းသည် မူးယစ်ဆေးစွဲနေသူတစ်ဦးဖြစ်ကြောင်း သိရှိရပြီး ၎င်းအားတာဝန်ရှိသူများက ထိန်းသိမ်းခေါ်ဆောင်၍ ရှာဖွေခဲ့ရာ ၎င်း၏ အင်္ကျီအိတ်အတွင်းမှ WY ဆေးပြားနှစ်ပြားကို တွေ့ရှိရသဖြင့် လားရှိုးမြို့မ ရဲစခန်း၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၇/၄၃၆/၃၂၆ ဖြင့် လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဥပဒေပုဒ်မ ၁၅/၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့်ပြီး လားရှိုးမြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်သိန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် လူစုလူဝေးများက အမှတ်(၁) ရဲခစန်းရှေ့သို့ စုရုံးရောက်ရှိလာခဲ့သဖြင့် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ငြိမ်းချမ်းစွာ နေထိုင်ရန် ဖျောင်းဖျပြောဆိုပြီး လူစုခွဲခဲ့ကြောင်း သိရသည်။

ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် လားရှိုးမြို့ အမှတ်(၃)ရပ်ကွက်ရှိ ကုန်မာဆိုင်ခုံတန်းများအား လူအချို့က ရိုက်ချိုးဖျက်ဆီးပြီး အနီးရှိဘာသာရေးအဆောက်အအုံရှေ့တွင် မီးပုံရှို့ခဲ့ကြောင်း၊ ထို့နောက် အဆိုပါဘာသာရေးအဆောက်အအုံအားလည်း မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများသည် အဆိုပါ မီးရှို့သည့်နေရာသို့ ရောက်ရှိပြီး လုံခြုံရေးဆောင်ရွက်ခဲ့ကာ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ကြောင်း၊ ည ၈ နာရီ ၁၀ မိနစ်ခန့်တွင် တပ်မတော်မှလည်း လုံခြုံရေးအတွက် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူစုလူဝေးများသည် အမှတ်(၃) ရပ်ကွက် လမ်းမတော်လမ်းနှင့်ကြာနီလမ်းထောင့်ရှိ မိဘမဲ့ကလေးများကျောင်းအောက်ရှိ ဈေးဆိုင်ခန်းများ၊ ဈေးလမ်းကြားရှိ ဈေးဆိုင်ခန်းများ၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်တို့အား ဆက်လက် မီးရှို့ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်းနှင့် ည ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရှိရသည်။

လားရှိုးမြို့တွင် ယနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် ရပ်ကွက်(၇)၊ ရပ်ကွက်(၁) နယ်မြေ(၈)တို့တွင် လူစုလူဝေးများက တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်၍ စုဝေးခဲ့ကြသဖြင့် လုံခြုံရေးအဖွဲ့က အချိန်မီ ဟန့်တားခဲ့ရသည်။

သို့သော် မွန်းလွဲပိုင်း ၁ နာရီ မိနစ် ၄၀ ခန့်တွင်ရပ်ကွက်(၂)၊ ရပ်ကွက်(၃)၊ ရပ်ကွက်(၇)နှင့် ရပ်ကွက်(၈)တို့တွင် အပြန်အလှန်တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့ရာ ယနေ့ ညနေ ၅ နာရီခန့်အထိ တိုက်ခိုက်မှု၊ မီးရှို့ဖျက်ဆီးမှု ခုနစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။



လားရှိုးမြို့တွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် လုံခြုံရေးတာဝန်ရှိသူများက မြို့တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။ (သတင်းစဉ်)

မေ ၂၈ ရက်မှ ၂၉ ရက်အထိ အပြန်အလှန်တိုက်ခိုက်မှုများကြောင့် လူနေအိမ် ငါးလုံး၊ ဘာသာရေးအဆောက်အအုံ သုံးလုံး၊ ရုပ်ရှင်ရုံတစ်လုံး၊ ဂိုဒေါင် လေးလုံး၊ ဆိုင်ခန်း ၃၂ ခန်း၊ မော်တော်ယာဉ် နှစ်စီး၊ ဆိုင်ကယ် ၁၁ စီး မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် တစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

လားရှိုးမြို့၌ ယမန်နေ့ ည ၈ နာရီမှစတင်၍ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားပြီးဖြစ်သည်။

ယမန်နေ့က ပြစ်မှုကျူးလွန်ခဲ့သော တရားခံဖြစ်သူသည် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပြီး ဘာသာရေး၊ လူမှုရေးကိစ္စများနှင့် ပတ်သက်ခြင်းမရှိကြောင်း၊ ယင်းပြစ်မှုကိုအကြောင်းပြုပြီး ဘာသာရေး ပဋိပက္ခအသွင်ဖော်ဆောင်ခြင်း မပြုရန်အတွက် ဘာသာရေး အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများက ဝိုင်းဝန်းကာကွယ်ဆောင်ရွက်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများက မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်တွင်းနှင့်နိုင်ငံတကာသတင်းများ

# ကီဆောင်စက်မှုဇုန် ပြန်ဖွင့်ရေး မြောက်ကိုရီးယားဖိတ်ခေါ်

တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များအား ပြုံယမ်းအစိုးရက တောင်မြောက် ပူးတွဲစက်မှုဇုန်ဖြစ်သည့် ကီဆောင်စက်မှုဇုန်အတွင်း ဝင်ရောက်ခွင့်ပြုတော့မည်ဖြစ်ကြောင်း မေ ၂၈ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ယင်း စက်မှုဇုန်အတွင်း ပုံမှန်လုပ်ငန်းများပြန်စရန် ဆွေးနွေးနိုင်ရေး ပြင်ဆင်ထားပြီဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောကြားချက်ကို နိုင်ငံပိုင်မီဒီယာက သတင်းကြေညာချက်ထုတ်ပြန်သည်။ သို့သော်လည်း တောင်ကိုရီးယားက ၎င်းနိုင်ငံသားများ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မိကြောင်း၊ နှစ်နိုင်ငံအစိုးရချင်း ဆွေးနွေးပွဲကို ပြုလုပ်လိုကြောင်း ပြောကြားသည်။ အဆိုပါ ပူးတွဲစက်မှုဇုန်လုပ်ငန်းများလည်းပတ်မှုသည် မြောက်ကိုရီးယားတို့ ဧပြီလက ၎င်း၏အလုပ်သမားများကို ပြန်ခေါ်သွားပြီးနောက် လုပ်ငန်းများ ရပ်ဆိုင်းထားရသည်။ မြောက်ကိုရီးယားအနေဖြင့် အဆိုပါ စီးပွားရေးဇုန် လုံခြုံဘေးကင်းရေးအတွက် တာဝန်ယူမည်ဖြစ်ကြောင်း မြောက်ကိုရီးယား၏ ကိုရီးယားငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးကော်မတီက ပြောကြားသည်။

# ဟစ်ဇ်ဘိုလာတို့အား ဆီးရီးယား အတိုက်အခံသတိပေး

လက်ဘနွန်ဟစ်ဇ်ဘိုလာ လှုပ်ရှားမှုအဖွဲ့အား ဆီးရီးယားအစိုးရဘက်က ကူတိုက်နေခြင်းကို ၂၄ နာရီအတွင်း ရပ်ဆိုင်းထားပေးရန် ဆီးရီးယားအတိုက်အခံများက သတိပေးလိုက်သည်။ ပြင်ပကျောထောက်နောက်ခံ ထိပ်တန်းတပ်မှူး ဗိုလ်မှူးချုပ် ဆလင်းအိုင်းဒရစ်က ဆော်ဒီအာရေဗျသတင်းချန်နယ် အယ်လ်အာရေဗီးယားနှင့် မေ ၂၈ ရက်က တွေ့ဆုံမေးမြန်းရာတွင် တယ်လီဖုန်းဖြင့် သတိပေးပြောကြားလိုက်ခြင်းဖြစ်သည်။ အိုင်းဒရစ်က အမေရိကန် ဆီးနိတ်အမတ် ဂျွန်မက်ကိန်းနှင့် ဆီးရီးယားတွင် နှစ်နာရီကြာ ဆွေးနွေးအပြီး တစ်ရက်အကြာ ထိုသတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ဟစ်ဇ်ဘိုလာအဖွဲ့ဝင်များအနေဖြင့် ဆီးရီးယားအစိုးရနှင့်အတူ ပူးပေါင်းတိုက်ပွဲဝင်နေကြောင်း လွန်ခဲ့သော သီတင်းပတ်က ဟစ်ဇ်ဘိုလာအတွင်းရေးမှူးချုပ် ဆေယက်ဟက်ဆန်နာဆိရဲလာက ပြောကြားခဲ့သည်။

# လေယာဉ်ပစ်ဒုံးကျည်များ ရုရှားက ဆီးရီးယားပို့မည်

ဆီးရီးယားနိုင်ငံအတွင်း ပြည်ပဝင်ရောက်တိုက်ခိုက်မှုများကို ကာကွယ်ရန် ဆီးရီးယားအစိုးရသို့ အက်စ်-၃၀၀ လေယာဉ်ပစ်ဒုံးကျည်များ ပေးပို့သွားမည်ဟု ရုရှားအစိုးရက မေ ၂၈ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ယင်းဒုံးကျည်များ ပေးပို့ခြင်းသည် ဆီးရီးယားနိုင်ငံ ပြန်လည်တည်ငြိမ်လာရေးအတွက် ဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရိုင်ယာကော့ဗ်က ပြောကြားသည်။ ဆီးရီးယားသို့ လက်နက်တင်ပို့ရေးကိစ္စနှင့် ပတ်သက်ပြီး အဖြေရှာနိုင်ခြင်းမရှိသည့် အီးယူ၏ ဆုံးဖြတ်ချက်ကိုလည်း ရုရှားက ဝေဖန်လိုက်သည်။

**မြင့်မောင်စိုး-ရေးသည်**

# ဆိုယုဇ်အာကာသယာဉ်လွှတ်တင်

ကာဇက်စတန်ရှိ ဘိုင်ကိုနော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှနေ၍ အာကာသယာဉ်မှူးသုံးဦး လိုက်ပါသွားသော ရုရှားလုပ် ဆိုယုဇ်အာကာသယာဉ်ကို မေ ၂၉ ရက် နံနက်က မော်စကိုစံတော်ချိန် ၀၀ နာရီ ၃၁ မိနစ်တွင် အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်သည်။

အာကာသယာဉ်မှူးသုံးဦးလိုက်ပါသွားသည့် ဆိုယုဇ်တီအမ်အေ-၀၉ အမ်အာရ်အာကာသယာဉ်ကို ဆိုယုဇ်-အက်ဖ်ဂျီဒုံးပျံဖြင့် နိုင်ငံတကာအာကာသစခန်းယာဉ်သို့ သယ်ဆောင်သွားခြင်းဖြစ်သည်။

အဆိုပါ အာကာသယာဉ်သည် ဘိုင်ကိုနောအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ လွှတ်တင်ပြီးနောက် ခြောက်နာရီခန့်အကြာတွင် နိုင်ငံတကာအာကာသစခန်းယာဉ်သို့ ရောက်ရှိမည်ဖြစ်သည်။

**စီစဉ်ထား**

ဆိုယုဇ်အာကာသယာဉ်နှင့်အတူ လိုက်ပါသွားသည့် အာကာသယာဉ်မှူးသုံးဦးတို့သည် နိုင်ငံတကာ အာကာသစခန်းယာဉ်၌ ၁၇၂ ရက်ကြာ နေထိုင်ကာ လုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့နောက် လာမည့်ဒီဇင်ဘာလတွင် မြေပြင်သို့ ပြန်လည်ဆင်းသက်ရန် စီစဉ်ထားသည်။

၎င်းအာကာသယာဉ်မှူးသုံးဦးတို့သည် နိုင်ငံတကာအာကာသစခန်းယာဉ်တွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အာကာသကုန်တင်ယာဉ်နှစ်စင်းနှင့် အခြားအာကာသယာဉ်တို့ နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ဆိုက်ရောက်လာမည့် အစီအစဉ်ရှိကြောင်း သတင်း၌ဖော်ပြသည်။



**အာကာဟိန်း-ရေးသည်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ဘိလပ်မြေ | ၁၈၁၈၁ အိတ် |
| (ခ) | သဲ | ၁၃၄၉ ကျင်း |
| (ဂ) | ကျောက်ရှယ်စုံ | ၁၀၀၇၇ ကျင်း |
| (ဃ) | သံချောင်းရှယ်စုံ | ၆ တန် |
| (င) | အုတ် | ၂၀၂၄၅၇ ချပ် |
| (စ) | ဂျင်းမြေ/ကျောက်ရောမြေ | ၁၈၂၃၁ ကျင်း |

**တင်ဒါလျှောက်လွှာပိတ်ရက်** ၁၀-၆-၂၀၁၃ ရက် မွန်းတည့် ၁၂:၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၃၁-၅-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူး၊ မန္တလေး
မြို့နယ်အင်ဂျင်နီယာရုံး၊ ပုသိမ်ကြီးမြို့၊
အမရပူရမြို့။
ဖုန်း-၀၂-၆၆၃၇၁၊ ၀၂-၇၀၁၄၃
၀၉-၄၀၂၆၂၉၆၇၃

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**


# Telecommunication Towers For Sale

We are selling self support Telecommunication Towers:

TYPES
- 3 legged Tower
- 4 legged Tower
- Guy tower

SPECIFICATIONS
- Made in Thailand
- Steel grades - SS400
- Height available - Any height
- Stock in (Yangon)-3 Legged Self Support Tower height 42m 100+ Towers available
  - steel member shall be hot dip galvanized
  - bolts and nuts shall be hot dip galvanized



INDIGO SEA MYANMAR Trading Co., Ltd.
Office Ph: 95-1-2301521, 95-9-5174749, 95-9-5064747
Email: Indigoseasg@gmail.com